


မေလ ၃၀၊ ၂၀၂၄ ခုနှစ်

တော်လှန်ရေးခန်းမ

Victoria Base

# Dr. Sui Khar

ချင်းအမျိုးသားတပ်ဦး ဒုဥက္ကဋ္ဌ (၂)

## Exodus Operation

## အောင်ပွဲအခန်းအနားမိန့်ခွန်း

ရှေ့တန်းပြန်ရဲဘော်များ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို တက်ရောက်လာကြတဲ့ ချင်းပြည်ဝန်ကြီးများ ၊ ချင်းလဲန်းကောင်စီမှ ရဲဘော်များ ၊ ချင်းအမျိုးသားတပ်ဦးမှ ခေါင်းဆောင်ကြီးများ ၊ ချင်းအမျိုးသားတပ်မတော်မှ စစ်ဦးစီးချုပ်နှင့်တကွ အရာရှိအရာခံအကြပ်တပ်သားများ ပထဆုံးအနေနဲ့ Operation Exodus မှ တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ပေးသွားတဲ့ အရာရှိရဲဘော်တွေကို အမြင့်ဆုံးလေးစားမှု ဂုဏ်ပြုမှုပေးအပ်ကြောင်း ကျတော်ပြောကြားလိုပါတယ်။



ဒုတိယအနေနဲ့ ဒီစစ်ဆင်ရေးကနေ တိုင်းပြည်နှင့်လူမျိုးအတွက် ခန္ဓာကိုယ်အစိတ်အပိုင်း ပေးလှူသွားကြတဲ့ အရာရှိတပ်သားများ အပေါ်မှာလည်း လေးစားဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။ ဒီOperation မှာပါဝင်တဲ့ အရာရှိတပ်သားအားလုံးကို လေးစားကြောင်း ဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။ နောက် ဒီစစ်ဆင်ရေးကို အောင်အောင်မြင်မြင်နဲ့ အသက်ကို ပဓာနမထားပဲ ဆင်နွဲကြတဲ့ ချင်းအမျိုးသားတပ်မတော်နဲ့ ပူးပေါင်းအဖွဲ့ ပါဝင်သူအယောက်စီ အယောက်စီတိုင်းကို ဒီကနေလေးစားဂုဏ်ယူကြောင်း ကျတော်ပြောကြားလိုပါတယ်။

ဒီစစ်အာဏာရှင်တွေက သူတို့အာဏာလွှဲအပ်တော့မယ်ဆိုရင် သူတို့အာဏာလွှဲအပ်တဲ့ပုံစံက ပုံစံ(၃)နှင့် အာဏာလွှဲအပ်တယ်လို့ ပြောကြတယ်။ ပထမကတော့ ကိုယ့်ကိုယ်ကို အာဏာပြန်လွှဲတယ်။ ဒုတိယကတော့ ကိုယ်စိတ်ချယုံကြည်ရတဲ့ စနစ်တစ်ခုကိုလုပ်ပြီးတော့ အာဏာလွှဲအပ်ကြတယ်။ နံပါတ် (၃) ကတော့ အာဏာကို ဆက်ပြီးမထိန်းနိုင်တော့လို့ အာဏာကိုလွှဲတဲ့ ချော်လဲရောထိုင်လုပ်တာ။

ဆိုတော့ အဲ့ဒီမှာကိုက ကျတော်တို့ မြန်မာနိုင်ငံမှာ အာဏာသိမ်းတာ (၃) ခေါက် ကျတော်တို့တွေ့ရတယ်။ အဲဒီမှာ နေဝင်း အာဏာသိမ်းတဲ့ပုံစံက သိတဲ့အတိုင်းပဲ အာဏာသိမ်းပြီးတော့ သူ့ဟာနဲ့သူကို စနစ်တစ်ခုလုပ်ပြီးတော့ ဥပဒေရေးဆွဲပြီး အာဏာလွှဲအပ်လိုက်တယ်။

> ဝမ်းနည်းစရာကတော့ ကျတော်တို့ ချင်းလူမျိုး နိုင်ငံရေးပါတီတွေ၊ လက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း မင်းအောင်လှိုင်ရဲ့ အစီမံကြီးကို ထောက်ခံအားပေးတဲ့ အဖွဲ့တွေလည်း ရှိနေတာဖြစ်တယ်။



စောမောင်၊ သန်းရွှေ ခေတ်ကျတော့ သူတို့က သူတို့စိတ်ချယုံကြည်တဲ့ စနစ်တစ်ခု၊ အတိုချုပ်ပြောရင်တော့ ၂၀၀၈ ဖွဲ့စည်းပုံကိုလုပ်ပြီးတော့ အာဏာလွှဲလိုက်တယ်။ အဲဒီမှာ ကျတော်တို့ ကြည့်ဖို့လိုအပ်တာက အဖက်ဖက်ကိုကြည့်ပြီးတော့ (၁၄) နှစ်တာ အချိန်ယူပြီးတော့ သူတို့စစ်တပ်တွေက ဒီနိုင်ငံမှာ အာဏာရယူမယ်၊ စနစ်တစ်ခုအခိုင်အမာတည်ဆောက်ပြီးတော့ ၂၀၀၈ ဖွဲ့စည်းပုံကိုသူတို့က စိတ်ချလက်ချနဲ့ ရေးဆွဲပြီးတော့ အာဏာလွှဲလိုက်တာဖြစ်ပါတယ်။ ဒါပေမယ့်လက်တွေ့လုပ်တဲ့အခါမှာ ပထမသက်တမ်းကတော့ သူတို့ရလိုက်တယ်။ ဒုတိယသက်တမ်းကျမှ ဒီလောက်စိတ်ချတဲ့ စနစ်အောက်ကနေသူတို့စိတ်ကြိုက် အဖြေမထွက်ခဲ့ဘူး။ တတိယသက်တမ်းကျတော့ အဲဒါကိုသူတို့က ဒီတိုင်းကြည့်လို့မရတော့ဘူး ဆိုပြီးတော့မှ ထပ်ပြီးတော့ မင်းအောင်လှိုင်က အာဏာပြန်သိမ်းလိုက်တာ ဖြစ်ပါတယ်။ ကျတော်တို့ပြောချင်တဲ့ဟာက စစ်အာဏာရှင်တွေက အာဏာသိမ်းတဲ့အခါမှာ ဘယ်လိုပုံစံနဲ့ အာဏာပြန်လွှဲတတ်သလဲဆိုတာကို ကောင်းကောင်းကြည့်ပြီးတော့ ကျတော်တို့လေ့လာဖို့လိုအပ်ပါတယ်။

ဒီနေ့ဒီအချိန်မှာလည်း မင်းအောင်လှိုင်က ဒီအာဏာသိမ်းတာ ဘာဖြစ်လို့လဲဆိုရင်တော့ ၂၀၀၈ ဖွဲ့စည်းပုံရဲ့ အားနည်းချက်တွေကို ပြင်ပြီးတော့ သူတို့စစ်တပ်တွေကမ္ဘာတည်သရွေ့ ဒီနိုင်ငံမှာ အာဏာရရှိဖို့အတွက် ၂၀၀၈ ဖွဲ့စည်းပုံကို ပြုပြင်ဖာထေးပြီးတော့လုပ်ဖို့ ဖြစ်ပါတယ်။ အဲဒါကတော့ သူတို့က ရွေးကောက်ပွဲစနစ်ကို ပုံစံပြောင်းပြီးတော့ သူတို့စစ်တပ်ကနေ ရွေးကောက်ပွဲတွေကတဆင့် ဘယ်ရွေးကောက်ပွဲလာလာ သူတို့သာအာဏာရရှိနိုင်မယ့်စနစ် တစ်ခုကို ပုံဖော်ချင်လို့ သူတို့လုပ်တာဖြစ်ပါတယ်။

မင်းအောင်လှိုင်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ရွေးကောက်ပွဲသူပြုလုပ်တဲ့ ပုံစံအသစ်နဲ့ ပြုလုပ်တဲ့ ရွေးကောက်ပွဲအသစ်ကို လုပ်ဖို့ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲ လုပ်နိုင်ဖို့အတွက် ပြင်ဆင်နေတဲ့ဟာကလည်းအားလုံး သိပြီးသားဖြစ်ပါလိမ့်မယ်။ ဆိုတော့ ကျတော်တို့ ချင်းလဲန်မှာတော့ ဒီရွေးကောက်ပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့ သူကလည်းအတတ်နိုင်ဆုံး ကြိုးစားနေပါတယ်။ ဒီနေရာမှာ ကျတော်တို့က ဒီမင်းအောင်လှိုင်ရဲ့ ရွေးကောက်ပွဲ ပြင်ဆင်မှုကို အစကတည်းကနေ လုံးလုံးလျားလျားကန့်ကွက်တဲ့သူရှိသလို တချို့နိုင်ငံရေးပါတီတွေ သူ့ရဲ့အပေါင်းအပါတွေကလည်း အဲဒါဖြစ်ဖို့အတွက် ဝိုင်းဝန်းပံ့ပိုးနေတဲ့ဟာကိုလည်း ကျတော်တို့ တွေ့ရပါတယ်။ ဝမ်းနည်းစရာကတော့ ကျတော်တို့ ချင်းလူမျိုးထဲမှာလည်း နိုင်ငံရေးပါတီတွေ၊ လက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း မင်းအောင်လှိုင်ရဲ့ အစီမံကြီးကို ထောက်ခံအားပေးတဲ့ အဖွဲ့တွေလည်း ရှိနေပါတယ်။



၂၀၂၃ နှစ်ဆန်းပိုင်းလောက်မှာ Special Advicer Committee For Myanmar ကမ္ဘာ့ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ဟောင်းများနဲ့ ဖွဲ့စည်းထားတဲ့ ကော်မတီတစ်ရပ်ကနေ သုံးသပ်မှုစာတမ်းတစ်ခု လုပ်ပါတယ်။ အဲဒီမှာ ကျတော့ မင်းအောင်လှိုင်စစ်ကောင်စီက နယ်မြေဘယ်လောက်ထိန်းသလဲ။ ကျန်တဲ့အတိုက်အခံတွေက နယ်မြေဘယ်လောက်ထိန်းသလဲ ဆိုပြီးတော့ သူက Report တစ်ခုလုပ်ပါတယ်။ အဲဒီမှာ ကျတော်တို့ချင်းပြည်နယ်ထဲမှာ ဒီအားလုံးကတော့ ကျတော်တို့ရဲ့ ဒီအတိုက်အခံတွေက ထိန်းသိမ်းထားပြီးတော့ အခု ချင်းပြည်နယ် တွန်းဇံမြို့နယ်ကိုတော့ စစ်ကောင်စီနှင့် သူရဲ့အပေါင်းအပါ ပြည်သူ့စစ်တွေက ထိန်းသိမ်းထားပါတယ်ဆိုပြီးတော့မှ ဖော်ပြထားတာကို ကျတော်တို့တွေ့ရပါတယ်။ ဘာဖြစ်လို့ အဲဒီလို သူတို့ကလုပ်ရသလဲဆိုတော့ အဲဒီနယ်မြေမှာရှိတဲ့ ပြည်သူ့စစ်လို့အမည်ခံ ZRA၊



ပြီးတော့ နိုင်ငံရေးပါတီ ဒေသန္တရနိုင်ငံရေးပါတီတွေကလည်း လျှို့လျှို့ဝှက်ဝှက်နဲ့ပဲ SAC နဲ့ပူးပေါင်းနေတာကိုတွေ့ရလို့ဖြစ်ပါတယ်။ ကျတော်တို့ဒီနေ့ခေတ်မှာတော့ Technology လည်း ကောင်းလာပြီဆိုတော့ Social Media တစ်ခုမှာ ဒေသခံနိုင်ငံရေးပါတီ ရွေးကောက်ခံ MP တစ်ယောက်နဲ့ Pastor တယောက် ပြောတဲ့ဟာကို လူတိုင်းအသိပင် ဖြစ်ပါ

## “ဒီနေရာကိုကျတော်တို့ ထိန်းသိမ်းနိုင်လိုက်ခြင်းအတွက် ကျတော်တို့ ရန်သူကိုလက်ချိုးလိုက်တာဖြစ်ပါတယ်”

တယ်။ ဘယ်လောက်ထိ SAC နဲ့ သူတို့ပူးပေါင်းကြသလဲ ဆိုတာထင်ရှားပါတယ်။

ဆိုတော့ ဒီနေရာဒီဒေသက တော်တော်လေးကျတော်တို့အတွက် အရေးကြီးတဲ့ နေရာ ၊ အရေးကြီးတဲ့ နယ်မြေဖြစ်ပါတယ်။ ရန်သူတွေကလည်း ဒီနေရာကို အသုံးပြုပြီးတော့ သူတို့ရဲ့ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်မယ့်နေရာလည်းဖြစ်ပါတယ်။ ဒီလိုရန်သူရဲ့ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အဆင့်သင့်လက်ကမ်းကြိုဆိုတဲ့ ပံ့ပိုးကူညီတဲ့ လက်နက်ကိုင်အဖွဲ့အစည်း ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေရှိနေတာဖြစ်ပါတယ်။ အဲဒါကြောင့် အခုစစ်ဆင်ရေးကနေ ဒီနယ်မြေကို သိမ်းပိုက်ပြီးတော့ ကျတော်တို့ရဲ့ ထိန်းသိမ်းနယ်မြေအဖြစ် ရောက်ရှိသွားအောင် လုပ်တဲ့အတွက်ကြောင့်လည်း ဒီ Operation ကို ပိုပြီးတော့ ကျတော်တို့လေးစားဂုဏ်ပြုရတာဖြစ်ပါတယ်။ ဒီမှာပါဝင်တဲ့ အရာရှိ၊

အရာခံ၊ အကြပ်၊ တပ်သား တစ်ယောက်စီကိုလည်း ကျတော်တို့က ဂုဏ်ပြုလေးစားတာဖြစ်ပါတယ်။ ဒီနေရာကိုကျတော်တို့ ထိန်းသိမ်းနိုင်ခြင်းအတွက် ကျတော်တို့ ရန်သူကိုလက်ချိုးလိုက်တာဖြစ်ပါတယ်။ လက်ရှိချင်းပြည်နယ် တစ်ခုလုံးကနေ ဒီရန်သူကဘာမှ လှုပ်ရှားလို့မရနိုင်တော့အောင် ကျတော်တို့ နိုင်ငံရေးအရ စစ်ရေးအရ ဖြတ်ခုတ်လိုက်တာ ဖြစ်ပါတယ်။ အဲဒါကြောင့်ပဲ မရမက ဒီနယ်ကိုပြန်ယူနိုင်ဖို့အတွက် သူတို့ကလည်း အပတ်တကုတ်ကြိုးစားတာ ကျတော်တို့ တွေ့ရတာဖြစ်ပါတယ်။ ဒီစစ်ဆင်ရေးကို ဦးဆောင်ခဲ့တဲ့ ကာကွယ်ရေးဝန်ကြီးကလည်း အသေးစိတ်ပြောပြသွားပြီ ဖြစ်တဲ့အတွက်ကြောင့် ဒီကိစ္စကို ကျတော်တို့ မပြောလိုတော့ပါဘူး။ ဒါပေမယ့် ဘာဖြစ်လို့ သူအဲဒီလောက်ထိ ကြိုးစားရသလဲဆိုတဲ့ဟာကို ဒီအခမ်းအနားမှာ တက်ရောက်လာကြတဲ့ တစ်ယောက်စီတိုင်းက နားလည်ဖို့လိုတယ်လို့ ကျတော်ပြောကြားလိုတာဖြစ်ပါတယ်။



> တပ်စခန်းအကြီးအငယ် စုစုပေါင်း (၅၂၈၀) ရှိတယ်လို့ သုတေသနတွေတော့ဖော်ပြတယ်။ အဲဒီထဲမှာ ယခု (၃) နှစ်အတွင်းမှာ (၂၂၀၀) ကျော် ကျဆုံးသွားပြီလို့ သုတေသန စာတမ်းတွေအရ ကျတော်တို့သိရပါတယ်။ တဖက်ကလည်း တပ်ရင်းအလိုက် ပျောက်သွားတဲ့တပ်ရင်းက (၈၀) ကျော်သွားပါပြီ။

လက်ရှိအခြေအနေကိုလည်း နည်းနည်း တင်ပြချင်ပါတယ်။ အခုစစ်ကောင်စီရဲ့ စစ်ရေးအခြေအနေဟာဆိုရင် ကျတော်တို့အားလုံး သိမြင်တဲ့အတိုင်း အနယ်နယ်အရပ်ရပ်မှာ အရှုံးတွေနဲ့ပဲ ရင်ဆိုင်ရတယ်။ တပ်စခန်းအကြီးအငယ် စုစုပေါင်း (၅၂၈၀) ရှိတယ်လို့ သုတေသနတွေတော့ဖော်ပြတယ်။ အဲဒီထဲမှာ ယခု (၃) နှစ်အတွင်းမှာ (၂၂၀၀) ကျော် ကျဆုံးသွားပြီလို့ သုတေသန စာတမ်းတွေအရ ကျတော်တို့သိရပါတယ်။ တဖက်ကလည်း တပ်ရင်းအလိုက် ပျောက်သွားတဲ့တပ်ရင်းက (၈၀) ကျော်သွားပါပြီ။ အဲဒီထဲမှာ ဒီတပ်ရင်းဌာနချုပ်ရဲ့ တပ်စခန်းတို့ ပျောက်သွားတာကိုကျတော်တို့ ပြောခဲ့တာမဟုတ်ပါဘူး။ ဥပမာ - ၂၆၉ က တီးတိန်မှာ တွန်းဇံတို့ ကျီခါးတို့ ပျောက်သွားတဲ့ဟာကို ရေတွက်တာမဟုတ်သေးဘူး။ တပ်ရင်းဌာနချုပ်ကတော့ တကယ့်သူတို့ တပ်ရင်းဌာနချုပ်ရဲ့ အင်္ဂါရပ်နဲ့တူညီတဲ့ ဌာနချုပ်တွေကို ပြောတာဖြစ်ပါတယ်။ ဆိုတော့ စစ်ရေးကလည်း ရစရာမရှိပါဘူး။ နိုင်ငံရေးအရဆိုရင်တော့ အားလုံးကသိတဲ့အတိုင်းပဲ ဘယ်လိုမှ သူခေါင်းမထောင်နိုင်တော့ဘူး။ ကျတော်တို့ချင်းပြည်နယ်မှာဆိုလို့ရှိရင် တွန်းဇံမြို့နယ်လေးကို သူက နိုင်ငံရေးအရ

ထိန်းချုပ်ထားတယ်။ အဲဒီလိုသူတို့ရဲ့ နိုင်ငံရေး အကောင်အ ထည်ဖော်နိုင်ဖို့ အတွက်ကို ထိန်းချုပ်ထားနေတာကို လည်း ကျတော်တို့ ဖယ်ရှားခဲ့ပြီဖြစ်ပါ တယ်။



စီးပွားရေးအရကိုလည်း ကျ တော်တို့ ကြည့်ရအောင် သူစီးပွားရေး မှာ လ ည်း တော်တော်လေး ကို ချွတ်ခြုံကျနေပါတယ်။ ၂၀၂၄ ၊ ၂၀၂၅ ဘဏ္ဍာရေးနှစ် သူရဲ့ Estimated budget ကိုတောင်မှ လူသိရှင်ကြား မ ထုတ်ဖော်ရဲတဲ့ အဆင့်ကိုရောက်သွား ပါပြီ။ မနှစ်တုန်းကတောင်မှ သူတို့ ဘီလီလျံ ၅၆၀၀ သုံး တယ်ဆိုပြီးတော့ ဖော်ထုတ်လိုက်ပါတယ်။ ဒါပေမယ့် ဒီနှစ်မှာ ကျတော့ အဲဒါကိုလည်းသူက မလုပ်ရဲတော့ဘူး။ ဆိုတော့ သူ Budget ကို ဘယ်လိုလုပ်သလဲဆိုတာတောင်မှ မသိတော့ ဘူး။ အဲဒီလောက်ထိ ဒီစစ်ပွဲက ချွတ်ခြုံကျနေပါတယ်။ ရွှေဈေးက တစ်ပတ်အတွင်း ၅ သိန်း ၆ သိန်းလောက် တက်နေပါတယ်။ တချို့စီးပွားရေးပညာရှင်တွေကတော့ ဒီ တိုင်းလူတွေမထင်မှတ်တဲ့ Economic Fail State ရောက် သွားနိုင်တယ်ဆိုပြီးတော့ သုံးသပ်တာတွေလည်း ကျတော်တို့ တွေ့ရပါတယ်။

> အိမ်တွေယာတွေ ပျက်သွားတဲ့ဟာကို အပြစ်ဖို့တာ ဖျက်ဆီးတဲ့ကောင်ကို အပြစ်မဖို့ပဲနဲ့ ဒီကောင်တွေ ဖျက်ဆီးတဲ့ ကောင်တွေကို သွားတိုက်တဲ့သူတွေကို အပြစ်ဖို့တဲ့ဟာတွေကိုလည်း ရီရမလား ငိုရမလား မသိတော့ဘူး။ အဲဒါလည်း စဉ်းစားစရာဖြစ်နေတယ်။

ဒါပေမယ့် ကျတော်ဒီနေရာမှာ နည်းနည်းပြောချင် တာကတော့ မင်းအောင်လှိုင်ရဲ့ စစ်ကောင်စီကို ကျတော်တို့က အထင်သေးလို့မရဘူး။ သူ့မှာလည်း ပြန်ပြီး နှလုန်ထူဖို့ အတွက် လုပ်ဆောင်နေတာကို ကျတော်တို့တွေ့ရတယ်။ စစ်သားသစ်တွေစုဆောင်းနေတာကို ကျတော်တို့တွေ့ရ တယ်။ အဲဒါကြောင့် ကျတော်တို့ရဲ့ ဒီစစ်ဆင်ရေးတွေက ဒီ ထက် အဆပေါင်းများများစွာကိုကျတော်တို့ လုပ်ဖို့လိုအပ်လာ တယ်။

ဒီနေရာမှာ ဝမ်းနည်းစွာပဲ ကျတော်ပြောချင်တာ ကတော့ တချို့လက်နက်ကိုင် အဖွဲ့အစည်းတွေက ကျတော် တို့ချင်းတွေထဲမှာပဲ မင်းအောင်လှိုင်ကို အထင်သေး အမြင် သေးလာတာလားတော့ မသိဘူး ရန်သူကိုတိုက်ခိုက်နိုင်တဲ့ အချိန်မှာ မတိုက်ခိုက်ပဲနဲ့ လက်ပိုက်ကြည့်ပြီးတော့ ဒီတိုင်း ထားနေတဲ့ဟာကိုလည်း ကျတော်တို့တွေ့ရတယ်။ အဲဒါက လည်း မဖြစ်သင့် မဖြစ်ထိုက်တဲ့ဟာဖြစ်ပါတယ်။ တကယ်လို့ သူနှလုန်ပြန်ထူပြီးတော့ တိုက်ခိုက်လာတဲ့အချိန်မှာ ကိုယ့်ဖက် မှာ အခိုင်အမာတည်ဆောက်ဖို့ လိုအပ်တယ်။ အဲဒါကြောင့် အခုကနေစပြီးတော့ ကျတော်တို့နယ်မြေထဲမှာ ရန်သူကင်း စင်တဲ့ နယ်မြေဖြစ်အောင်လုပ်ဖို့က တော်တော်လေး အရေးကြီးပါတယ်။ ကျတော်တို့ အိမ်တွေယာတွေပျက်မှာစိုး လို့ ဆိုပြီးတော့ လုပ်ကြတာတွေရှိတယ်။ တခါတလေကျ



တော့ ကျတော်ရီလည်းရီချင်တယ်။ အိမ်တွေယာတွေ ပျက်



သွားတဲ့ဟာကို အပြစ်ဖို့တာ ဖျက်ဆီးတဲ့ကောင်ကို အပြစ်မဖို့ပဲနဲ့ ဒီကောင်တွေ ဖျက်ဆီးတဲ့ကောင်တွေကို သွားတိုက်တဲ့ဟာတွေကို အပြစ်ဖို့တဲ့ ဟာတွေကိုလည်း ရီရမလား ငိုရမလား မသိတော့ဘူး။ အဲဒါလည်း စဉ်းစားစရာဖြစ်နေတယ်။



ဒီနေ့ ဒီချိန်က ကျတော်တို့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဟာ တော်တော်ရှုပ်ထွေးပါတယ်။ ဒီနေရာမှာလည်း ကျတော်တို့ လက်နက်ကိုင်တွေလည်း သတိချပ်ရမယ့် အချက်တွေ ရှိပါတယ်။ သမိုင်းပါမောက္ခ ပညာရှင်ကြီး ဒေါက်တာထွန်းသန်း ကပြောပါတယ်။ သမိုင်းက ဘာဖြစ်လို့သင်ရသလဲဆိုတာကို သူ့ကိုမေးတော့ မအောင်လို့ သင်ပေးတာပေါ့တဲ့။ ကျတော်တို့ မြန်မာနိုင်ငံဟာလည်း သင်ခန်းစာယူရမယ့် သမိုင်းတွေ တော်တော်များများရှိပါတယ်။ လွတ်လပ်ရေး တိုက်ပွဲတုန်းက နယ်ချဲ့အင်္ဂလိပ်ကို မကျေနပ်လို့ တိုက်ထုတ်ဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ် ဂျပန်ပြည်သွားပြီးတော့ ဂျပန်ကိုအကူညီတောင်းပြီးတော့ လွတ်လပ်ရေးတိုက်ခိုက်ကြပါတယ်။ ဂျပန်လည်း ဝင်လာရော လွတ်လပ်ရေးရသွားပါတယ်။ အင်္ဂလိပ်တွေထက် ဂျပန်က ပိုဆိုးပါတယ်။ အဲဒါကြောင့် ကံကောင်းစွာနဲ့ပဲ အင်္ဂလိပ်နဲ့ ပြန်ပေါင်းပြီးတော့ ပြန်တိုက်နိုင်ခဲ့တယ်။

ကျတော်တို့ ဒီနေ့ဒီချိန်မှာလည်း ကျတော်တို့ ချင်းလူမျိုးတွေက သတိထားရမယ့်ရန်သူတွေ ရှိနေပါတယ်။ ကျတော်တို့ ရန်သူတစ်ခုတည်းရှိတာမဟုတ်ဘူး။ စကားပုံမှာ ခင်ဗျားရန်သူရဲ့ ရန်သူဟာ ခင်ဗျားသူငယ်ချင်းတဲ့။ အဲဒါအရာရာတိုင်းမှာ မှန်တာမဟုတ်ဘူး။ ခင်ဗျားမှာ ရန်သူ တစ်ဦးထက်များများ ရှိတယ်ဆိုလို့ရှိရင် ခင်ဗျားရန်သူရဲ့ ရန်သူဟာလည်း ခင်ဗျားရဲ့ရန်သူဖြစ်နိုင်သေးတယ်။ အဲဒါကိုသတိထားစေချင်တယ်။ ဒီနေ့ဒီချိန်မှာကျတော့ ကျတော်တို့ ချင်းလဲန်ကို ကျူးကျော်နေပြီးတော့ ကျတော်တို့ ချင်းလူမျိုးတွေကို သူတို့လူမျိုးထဲ သွတ်သွင်းဖို့ ကြိုးစားနေတဲ့ သိုးသားရေကို အရေခြုံပြီးတော့ တော်လှန်ရေးလုပ်နေပါတယ်ဆိုတဲ့ ပုံစံနဲ့ ကျတော်တို့ရဲ့ ချင်းမြေကို ကျူးကျော်တယ် ကျတော်တို့ရဲ့ ချင်းလူမျိုးတွေကို သူတို့ရဲ့ လူမျိုးထဲ သွင်းဖို့ကြိုးစားနေတဲ့ လက်နက်ကိုင်အဖွဲ့အစည်းနဲ့ ပူးပေါင်းနေတဲ့ ချင်းလက်နက်ကိုင် အဖွဲ့အစည်းတွေလည်း ကျတော်တို့မှာရှိနေတယ်။ အဲဒါကို ဒီကနေကျတော်သတိပေး

> ကျတော်တို့ရဲ့ချင်းလူမျိုးတွေကို သူတို့ရဲ့ လူမျိုးထဲ သွင်းဖို့ကြိုးစားနေတဲ့ လက်နက်ကိုင် အဖွဲ့အစည်းနဲ့ ပူးပေါင်းနေတဲ့ ချင်းလက်နက်ကိုင်အဖွဲ့အစည်းတွေလည်း ကျတော်တို့မှာရှိနေတယ်။

ချင်တယ်။ ဗိုလ်ချုပ်အောင်ဆန်းဂျပန်တွေကို ခေါ်သလို မမှားဖို့ ကျတော်ဒီကနေပြောချင်တယ်။



ဒီလို ဆက်လုပ်လို့ကတော့ ကျတော်တို့ ဒီလူတွေနဲ့ ပေါင်းလို့ကတော့ ဒီချင်းလဲန် ချင်းလူမျိုးတွေရဲ့ နှစ်ပေါင်းများစွာ တော်လှန်ရေးဝင်နေတဲ့ဟာက အင်္ဂလိပ်ကို တော်လှန်ဖို့ ဂျပန်ကို သွားခေါ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းလို မမှားဖို့ကိုလည်း ကျတော်ပြောကြားချင်ပါတယ်။



နောက်ဆုံးအနေနဲ့ ကျတော်ပြောကြားလိုတာကတော့ ကျတော်တို့ တော်လှန်ရေး ခရီးစဉ်က အခုမှ အရှိန်ပြင်းပြင်းနဲ့ သွားနေတုန်းပဲဖြစ်တယ်။ အဲဒါကြောင့် ဒီနေ့ Operation Exodus လိုပဲ ဆက်လက်ပြီးတော့ လက်ညီတက်ညီ အတွဲညီညီနဲ့ ပူးပေါင်းကြပြီးတော့ ကျတော်တို့ ပန်းတိုင်အရောက် ချီတက်ကြဖို့ စည်းလုံးညီညွတ်ကြဖို့ တိုက်တွန်းပြောကြားရင်း ဒီစစ်ဆင်ရေးမှာပါဝင်တိုက်ပွဲဝင်ကြတဲ့ အရာရှိ၊ အကြပ်၊ တပ်သား တစ်ယောက်စီအပေါ် ဂုဏ်ယူကြောင်း၊ လေးစားကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။